# ယနေ့ မဟာပြည်

## ပြည်သူ့မဟာဗမာအဖွဲ့ချုပ်ကြီး

နာယက ဒေါက်တာဘမော်

၏

မိန့်ခွန်း

ခေါင်းဆောင်ပုံနှိပ်တိုက်-ရေကျော်-ရန်ကုန်။

# ၁၉၅၂-ခုနှစ်ဒီဇင်ဘာလ-၂၁-ရက်နေ့
# ရန်ကုန်မြို့-မြို့တော်ခန်းမကြီးတွင်
# ကျင်းပခဲ့သော

ရန်ကုန် စီရင်စု မဟာဗမာ ညီလာခံကြီးတွင် ပြောခဲ့သော နာယကကြီး ဒေါက်တာဘမော်၏။

## မိန့်ခွန်း


၁။ ကမ္ဘာ့အရေး

၂။ ဗမာ့ရေးရာ

၃။ ပြီးခဲ့သော ရွေးကောက်ပွဲ

၄။ ပြည်တော်သာစီမံကိန်း

၅။ နိုင်ငံခြားရေး

၆။ နိဂုံးချုပ်

ပြည်သူ့ မဟာဗမာပါတီ

နာယကကြီး ဒေါက်တာဘမော်

၏

၂၀-၁၂-၅၂ ခုနှစ် မိန့်ခွန်း အစအဆုံးကို စာအုပ်
ငယ်အဖြစ်သို့ စီစဉ်၍ဖြန့်ချီသည်တွင်
ရဟန်းရှင်လူ ပြည်သူလူထုကြီး တရပ်လုံးအတွက်

# ယနေ့ဗမာပြည်

## ကို ကြိုတင်သိရှိနိုင်ကြရန်

**လူထုအကျိုးဆောင်**

**ဦးထွန်းရွှေ-ထုတ်ဝေသည်**

၁၄၇-၄၈-လမ်း ရန်ကုန်မြို့



ယခုကျုပ်ပြောရမှာက လွန်ခဲ့သောနှစ်တွင် ဖြစ်ပေါ်လာခဲ့သော အဖြစ်အပျက်များ အကြောင်းဘဲ၊ ဒီအဖြစ်အပျက်တွေအားလုံးအကြောင်း ပြောရမယ်ဆိုရင်မဆုံးနိုင်တော့ဘူး၊ ဒါကြောင့် ကျုပ် အရေး အကြီးဆုံး တွေကို ရွေးပြီးပြောပါရစေတော့။

## ကမ္ဘာ့အရေး

ပဌမ ကမ္ဘာ့အဖြစ်အပျက် ကမ္ဘာ့ရေးရာအကြောင်း အနည်းငယ်ပြောလိုတယ်၊ ကမ္ဘာကြီးဟာဘယ်လိုဖြစ်နေတယ်၊ တနေ့ လုံးလိုက်၊ တနေ့ ပြားလိုက်၊ တနေ့ ကွဲလိုက် တနေ့ စေ့လိုက်၊ တနေ့ အေးလိုက်၊ တနေ့ ပူလိုက် ဖြစ်နေဒါ အားလုံးသိကြတဲ့ အတိုင်းဘဲ၊ ကိုရီးယားစစ်ကလဲပြီးတော့ မလိုလိုနဲ့ တိုး၍ ဆိုးလာ တယ်။ ဗီယက်နမ် စစ်ကလဲ ထိုနည်းငှင်း။ အာရှ အရှေ့ပိုင်း တခု လုံးမှာ ထိုနည်းငှင်း ကြီးဘဲ၊ ခုဒီမီးတွေဟာ အလယ်အာရှ၊ အနောက်အာရှ နှင့် အာဖရိကတွင်ရှိသော အမဲအညို လောကကြီး တခု လုံးကိုပင်ကူးပြီး မီးဟုန်းဟုန်းတောက်နေပြီ၊ တိုတိုပြောရလျှင် အာရှနှင့်အာဖရိကတော်လှန်ရေးကြီးဟာ စပေါင်းမိကြပြီ၊ ဒီအဖြစ်အပျက်ကြီးနှင့်ပင် ပြီးခဲ့သော ၁၉၅၂ခုနှစ် လူရာဇဝင်တွင် ထာဝစဉ် မှတ် တမ်းတွင်ရမည့် နှစ်ကြီးဖြစ်၏၊ ၁၉၄၂ခုနှစ်၌ အရှေ့အာရှ လောကကြီး တွင် အမျိုးသား တော်လှန် ရေးကြီး တွေ ဟုန်းဟုန်း

တောက်ပြီးစခဲ့၏။ မျက်နှာဖြူနှင့် မျက်နှာညိုတိုက်ပွဲကြီး တွေစခဲ့၏။ ထိုနည်းတူ ၁၉၅၂ ခု နှစ် တွင် မျက်နှာမဲ မျက်နှာဖြူတိုက်ပွဲကြီးသည် စလာပြီ။ အာဖရိက လောက ကြီး နိုးကြား၍ အာရှ လောက ကြီး နှင့် ဆက် မိကြပြီ။ ဤကား ကျွန်ုပ်တို့အတွက်ဆိုလျှင် ၁၉၅၂ ခုနှစ်၏ မမေ့နိုင် သော ရာဇဝင်သင်ခန်းစာကြီးဖြစ်၏။ ကမ္ဘာ့ တော်လှန် ဖန်တီးရေးကြီး၏အောင်ပွဲကြီးတခုဖြစ်၏။

## ဗမာရေးရာ

ကဲ ကျုပ်တို့ဗမာပြည်အကြောင်းပြောမယ်၊ ကျုပ်တို့ ဗမာတွေအဖို့တော့ ဒီရေးရာတွေကသာပဓါနအရေးကြီးတယ် လွန်ခဲ့သောနှစ်တွင် ဗမာပြည်၏ အခြေခံ သရုပ်ကတော့ အရင် ၅ နှစ် ၆ နှစ်ကအတိုင်းလိုပါဘဲ၊ တိုး၍ တောင် ဆိုး တယ်လို့ ဆိုနိုင်ပါတယ်၊ အရင်က ဆိုလျှင် အောက် တန်း စားများသာဒုက္ခရောက်ပြီး အလယ်တန်းစားနှင့် အထက် တန်းစားများ သက်သာ ချောင်ချိ ခဲ့သေးတယ်။ ခုတော့ အောက်တန်းစားနှင့်အတူ အ လယ် တန်း စား များလဲ အိုးမှောက် ခွက်ပျောက်ဘဝ ရောက်ကုန်ကြပြီ။ ထိပ်က အာဏာရှိသည့် အကွက်ကလေးသာကောင်းစားနေကြပြီ ထိပ်အာဏာပိုင်တစုကလွဲပြီး ငြီးမငြူသော လူကိုမရှိ သလောက်ဖြစ်နေကြပြီ၊ အ ပြောတွေပြောင် ပွဲတွေ က များတိုင်းပြည်ငွေတွေ ထင် သ လို သုံး နေ သလောက် တိုင်းပြည်ကြီး တိုး၍တိုး၍ ခေါင်နေပြီ၊



များမကြာမီက၊ ဗ၊ ဆ၊ ပ၊ လ၏ မိတ် ဆွေ ကြီး ဖြစ် သော အမေရိကန်စာရေးဆရာကြီး လူဝီ ဖစ် ရှား သည်၊ ဗမာပြည်ကိုလာသည်၊ ပြန် သွား သော အ ခါ ဗမာ ပြည် အကြောင်းနှင့် ဖ-ဆ-ပ-လ ဝန်ကြီး များသည် ရုရှားကို တကယ်မုန်းသောအကြောင်းများကို ဝမ်းသာအားရ ရေး ခဲ့သည်၊ ဗမာပြည်ကို ရွှေပြည်တော် ကြီးဟု ခေါ် ထား သည်။ ဤကဲ့သို့ခေါ် ရသည့် အကြောင်းကို သူပြောထား သည်ကား ဗမာပြည်မှာ ဆိုရှယ်လစ်များ ရှိသော်လည်း ဆိုရှယ် လစ်ဇင်း ဝါဒ မရှိ၊ မတ်ကစ် များ ရှိ သော် လည်း မတ်ကစ်ဇင်းဝါဒမရှိ၊ နိုင်ငံရေးသမားများရှိသော်လည်း တကယ့်နိုင်ငံရေးသမားများမရှိ၊ ဆက်လက်၍ သူပြောသည် မှာ ချာချီ၏ နေရှင် နိုင်ငံကြီး ဖြစ် သော အင်္ဂလန်နိုင်ငံမှာ တောင် ဆိုရှယ်လစ်ဗမာပြည်မှာထက် ဆိုရှယ် လစ်ဇင်း ပိုများသည်ဟုပြောထားသည်။ ဒါကိုကြည့်၍ ဗမာပြည် မှာ ဗမာများသည် ဘယ်လောက်အမြင်းအံမောက် မတဲ့ သော ကတောက်ကဆ ကပြောင်းကပြန် ဘဝ ကြီးထွင် ရောက်နေသည်ဆိုဒါ စဉ်းစားကြည့်ကြတော့၊ ဒီကတောက် ကဆတွေဆက်ပြောရရင် အများကြီးရှိသေးတယ်၊ ကျုပ် ဖြလိုက်အုံးမယ်၊ လယ်သမားတွေ သူတို့ ရ ထိုက် သော စပါးဈေးကိုရ၍သုံးလျှင် ဗမာပြည်တွင် ငွေတန်ဘိုးလျော့ သွားမယ်တဲ့၊ ဒီငွေတွေကိုအစိုးရကယူပြီး ထင်သလိုသုံး ရင် ငွေတန်ဘိုးမလျော့ဘူးတဲ့။ ကုန်သည် အစစ်တွေကို တော့ လိုင်စင်တွေနှင့်ကုန်သည်အခွင့်အရေးတွေ ပေးသင့် သလောက်မပေး၊ ကုန်သည် အစစ် မ ဟုတ် တဲ့ သူတို့ အဖွဲ့သားနိုင်ငံရေးသမားတွေတော့ လိုင်စင်တွေဘာတွေ

လျှံအောင်ပေးတယ်။ အရင်းရှင်တွေက အရင်းငွေတွေ ဖြုတ်ပြီး အရင်းရှင်တွေကိုဆဲ့တဲ့ ဆိုရှယ် လစ်တွေ လက်ထဲမှာ အရင်းငွေတွေအပုံလိုက်ရှိနေတယ်။ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်တွေ အရင်းမရှိ ဒါကြောင့် သေနေတယ်၊ အစိုးရဘဏ်ထဲမှာတော့ ငွေ ပို တွေ ၅၃ ကုဋေ မသုံးဘဲအိပ်နေတယ်၊ နိုင်ငံရေး နှင့် ဘာသာ ရေး ဟာ စီးပွားရေး သက်သက်ဖြစ်နေတယ်။ စီး ပွား ရေး အစစ်ကတော့ နိုင်ငံရေးနှင့်ဘာသာရေးကိုအရောင်ပြုပြီး လုပ်နေတယ်။ အလုပ်သမားလောကကိုကြည့်လိုက်ရင် တဘက်တွင် အလုပ်မရှိသောအလုပ်သမားတွေ တပုံတခေါင်းကြီး တဘက်ကတော့ အလုပ်သမားမရှိတဲ့ အလုပ်တွေ တပုံတခေါင်းကြီး၊ အမှုထမ်းလောကကြီးကို ကြည့်လိုက် ပြန်ရင် ကြီးမားသောတာဝန် ထမ်းဆောင်ရသော အမှုထမ်းတွေကို သေးငယ်သော အာဏာ များ သာ ပေး ထား ပြီး သေးငယ်သော တာဝန်ကိုသာယူသော သူတို့ဘက်သား နိုင်ငံရေးသမားများကို ကြီးမားသော အာ ဏာ များ ပေး ထားတယ်။ ပညာရေးကြည့်လိုက်ရင် ၆ နှစ် လုံးလုံး တွင် ကျောင်းသူကျောင်းသားများ အထူး ပင် တိုးများ နေသော်လည်း၊ ကျောင်းဆရာတွေနှင့် ကျောင်းစာအုပ်တွေထူးခြားစွာ ပါးရှားနေ၍၊ ထိုနည်း တူ ကျန်းမာရေးတွင် ရောဂါတွေ ဒီလို ပြန့်ပွားပြီး အသေ အပျောက် မရေ တွက် နိုင်အောင် များနေသည့်အခါမှာ ဆေး ရုံ တွေ ဆရာ ဝန်တွေ ဆေးတွေရှားပါးနေ၍၊ ပြန်လည်ထူထောင်ရေးမှာဆိုလျှင် လုပ်ရမည့် လုပ်ငန်းတွေဒီလို ပေါများ နေ သော် လည်း လုပ်နိုင်မည့်အမှုထမ်းပေါင်းကြီးတွေ ပညာရှိကြီးတွေကို



ထုတ် ပယ် ခြင်း ခံရသူခံရ အနှိမ် ခံရသူ ခံရ စိတ်ပျက်၍ ထွက်သူကထွက် ဖြစ်ခဲ့၍၊ ပြည်သူပိုင် လုပ်ငန်းဟု ဆိုပြီး ဖ-ဆ-ပ-လ လုပ်ငန်းတွေဖြစ်အောင် လုပ်လားလုပ်၊ အများကောင်းကျိုးဆိုပြီး ထိပ်ကအာဏာရှိ လူနည်းစု က ထေးက သူတို့ကောင်းကျိုးရှာ၊ ဒီမိုကရေစီ စကားလုံး တွေကို သုံးပြီး ဒီမိုကရေစီ သဘောအစစ်တွေကိုဖျက်၊ ငြိမ်းချမ်းရေးစကားလုံးတွေသုံးပြီး လက် နက် ကိုင် ပျောက် ကြားအမျိုးမျိုးတွေမွေး။ ငြိမ်း ချမ်း ရေး ဖျက် မည့် နိုင် ငံ ရေး လက်နက်ကိုင်သမားတွေနှင့် အကြံသမားတွေကို အရေးယူသင့်သလောက်မယူ။ ဒါ တွေ ဆက် ပြော ရရင် မ ဆုံး တော့ပါဘူး။ ဒါဟာ ယခုလက်ရှိ ဗမာ ပြည် ကြီး၏ အဖြစ်အပျက်တွေဘဲ။

## ပြီးခဲ့သောရွေးကောက်ပွဲ

ဖ-ဆ-ပ-လ ၏ လက်ရှိအာဏာသည် ပြီးခဲ့သော ရွေးကောက်ပွဲကစခဲ့သောကြောင့်ထိုရွေးကောက်ပွဲအကြောင်း အနည်းငယ်ပြောရအုံးမယ်။ ဘယ်လို ဖ-ဆ-ပ-လ အနိုင်ယူခဲ့တယ်ဆိုဒါ အားလုံး သိကြခဲ့တဲ့အတိုင်းဘဲ။ အင်္ဂလိပ် အမေရိကန် ဒီမိုကရေစီကိုဘန်းပြလုပ်နေသော နိုင်ငံသစ်

တိုင်းတွင် ဒီအတိုင်းချည်းသွားနေကြဒါဘဲ။ အာဏာလက်ရှိလူများက ရွေးကောက်ပွဲတိုင်းမှာ အနိုင်ရနေဒါချည်းဘဲ။ လုပ်နည်းကလွယ်သားဘဲ၊ အာဏာ ရှိရင် လက်နက်ရော ခါးပိုက်ဆောင်တပ်ရော ငွေရော အမှုထမ်း အမျိုးစုံရော ကိုယ့်ဥပဒေကို ကိုယ်လုပ်နိုင်တဲ့ အာဏာ အမျိုးမျိုး တွေရော မဲပြားတွေနှင့်မဲပုံးတွေ ကိုယ့်လက်တွင်ထားချင်သလို ထားနိုင်ခွင့်ရော ဒီအခွင့်အရေးတွေ ရချင်မှရ၏၊ မရချင် အာဏာပြန်ရ၏။ ဤကားသူတို့၏ဒီမိုကရေစီဖြစ်၏။

ကျုပ် စေတနာ ကောင်းစွာနှင့် ဖ-ဆ-ပ-လ ကို သတိပေးလိုသည်၊ အင်္ဂလိပ်နှင့်ဂျပန်များမှားသကဲ့သို့ မမှားကြဘို့ပါဘဲ၊ သူတို့အခါတုန်းက အင်္ဂလိပ်တို့သည် အလှဆုံး စကားလုံးကလေးတွေသုံးပြီး ဗမာတွေကို အမျိုးမျိုး နှိမ်ခဲ့တယ်၊ ဥပဒေစကားလုံးတွေ အမျိုးမျိုး သုံးခဲ့တယ်။ ဒီလိုလုပ်ပါများတော့ ဗမာများက ဒ စကားလုံးတွေကြားသည့်အခါတိုင်း အော့နှလုံးနာခဲ့ကြပါတယ်၊ ဒီလိုအင်္ဂလိပ်အကျင့်အကြံတွေ ရှောင်ကြပါ ဟု ကျုပ် ဖ-ဆ-ပ-လ ကို သတိပေးလိုတယ်။ ဒီမိုကရေစီစကားလုံးတွေနှင့်ရွေးကောက်ပွဲတွေကိုညစ်ပတ်စွာ သုံးခဲ့လျှင် ဗမာ ပြည်မှာ ဒီမို ကရေစီ တန်ဘိုးသည် လုံးဝကွယ်ပျောက်သွားမှာ စိုးရိမ် ရတယ်၊ ဒီမိုကရေစီတန်ဘိုး ပျောက်သွားလျှင် တောခိုသည့်အလုပ်သာကျန်တော့မည်။ မဲပုံးကိုအားမကိုးရလျှင် ရိုင်းဖုန်းတွေ လက်နက်တွေကိုသာ အားကိုးကြရတော့မယ်။ ဒါကိုကျုပ် စေတနာကောင်းနဲ့ သတိပေးခြင်းပါဘဲ။



# ပြည်တော်သာစီမံကိန်း

ပြည်တော်သာ စီမံကိန်းများအကြောင်း ကျုပ်အထူးမပြောလိုပါ၊ ပြည်တော်သာရေးဆိုဒါဟာ ကောင်းသော အလုပ်ဘဲ၊ စီမံကိန်းဆိုဒါလဲ ကောင်းသောလုပ်နည်းဘဲ စက္ကူပေါ်မှာဆိုလျှင် စီမံကိန်းတိုင်း ကောင်းတာချည့်ဘဲ၊ ငွေကုန်ခံရင်လုပ်ငန်းပေါ်သင့်သလောက် ပေါ်တာချည့်ဘဲ၊ ယခုအခါ နိုင်ငံတိုင်းတွင် စီမံကိန်း တဖွားဖွားပေါ်နေကြသည်၊ စကားများသည်း တဖွားဖွားပြောနေကြသည်။

ခုခါမှာ ကျုပ်စီမံကိန်းအကြောင်း အနည်းမျှသာပြောလိုသည်၊ စီမံကိန်းများ၏တန်ဘိုးသည် ဆောင်ရွက်သော ပုဂ္ဂိုလ်များပေါ်မှာ လုံးဝတည်သည်၊ သူတို့၏လုပ်ရည်ကိုင်ရည်၊ သူတို့၏ဇွဲနှင့်ဝိရိယ၊ သူတို့၏ သန့်ရှင်းစင်ကြယ်မှု၊ သူတို့၏စိတ်ထား စေတနာပေါ်မှာ လုံးဝတည်၏။ ထို့ကြောင့် စီမံကိန်းများသည် ကောင်းသည်မကောင်းသည် ဆိုသည့်ပြဿနာလုံးဝမပေါ်၊ စီမံကိန်းများကို လုပ်သွားသည့်သူများ ကောင်းသည် မကောင်းသည်၊ ရိုးသည် မရိုး သည်ဆိုသော ပြဿနာသာပေါ်သည်။

ယခုပြည်တော်သာစီမံကိန်းများအကြောင်းကို အနည်းငယ်မျှ အသေးစိပ်ပြောရမည်ဆိုလျှင် ယိုဖိတ်နိုင်သည့် အပေါက်တွေ အလွန်များပြားသည်၊ အများသာယာရေးထက် အာဏာရှိလူတစု၏သာယာရေး ဖြစ်နိုင်သည့်လမ်းတွေက များနေသည်၊ သူတို့သာယာရေးထက် အမေရိကန် စီးပွားရေးသမားများနှင့် စစ်ပြင်ဆင်ရေးသမားများ၏ သာယာရေးက ထိုး၍များနေသည်။

ဒါပေတဲ့ အမေရိကန်တွေကိုးတော့ အနည်းငယ်မျှ ကျေးဇူးတင်လိုသည်၊ ဘာကြောင့်ဆိုလျှင် ၆ နှစ် ပတ်လုံး ပြည်တော်သာလုပ်ငန်းတွေကို အိမ်တောင်မမက်ခဲ့တဲ့ ဖဆပလ အစိုးရကို သူဘို့ကအိမ်မက်နိုးလိုက်သောကြောင့် ဖြစ်သည်၊ ဒါဟာအလူးပင်ကျေးဇူးတင်စရာဘဲ။

## နိုင်ငံခြားရေး

ဖ၊ဆ၊ပ၊လ၊က သူဘို့၏နိုင်ငံခြားရေးဝါဒသည် ကြားနေရေးဟု ပြောကြသေးသည်၊ သို့သော်-သူဘို့က ဘာသာလို ပြောပြော ဘယ်လိုခေါ်ခေါ်၊ ဆိုဗ်ရာအုပ်စုကြီး- ကမ္ဘာ့နိုင်ငံအုပ်စုကြီး နှစ်ခုကတော့ ကြားနေရေးဟု သုံးဝမခေါ်ကြ၊ ဥရောပ-အမေရိကန် အကြီးအငယ်ပိုင်းကပင် ဗမာ့ကြားနေရေးသည် စကားသာဖြစ်၍ အလုပ်မပါဟု အတိအလင်းပြောကြသည်၊ ရုရှားနှင့်တရုတ်ပြည်က ဗမာပြည်၏ကြားနေရေးကို ဘယ်လိုသဘောထားသလဲဆိုဒါ မျှားမကြာခင်က ကုလသမဂ္ဂတွင် အိန္ဒိယကတင်သွင်းသော ကိုရီးယန်းအဆိုမှာ ဘွင်းဘွင်းကြီးပေါ်ခဲ့ပြီ၊

ဤကဲ့သို့ကြားနေရေးသတင်းတွေဟာ အမေရိကန်၏ အလုပ်ကိုလျှို့ဝှက်လုပ်နေသူများသာဟု အတိအလင်း စွပ်စွဲခဲ့၏၊ ကွန်မြူနစ်သတင်းစာများက သည့်ထက်ပင် တစ်တစ်ခွခွ စွပ်စွဲကြ၏၊

ဆက်၍ကြည့်လိုက်အုံး၊ ဗမာဆိုရှယ်လစ်တွေရဲ့ မြင်ပမိတ်ဆွေတွေကိုကြည့်လိုက်အုံး၊အက်တလီ-တို့လိုဟာမီးရှား



တို့-ရှာရီတို့- ဂျပန်ဆိုရှယ်လစ်တို့- ယူဂိုစလေးဗီးယားဆိုရှယ်လစ်တို့ ဘာတို့ ညာတို့ သူတို့ အားလုံးတွေဟာ ရုရှား၏ရန်သူတွေချည့် မဟုတ်လား၊ ယခုအခါ ဘာအရောင်ချယ်ချယ် ဘာစကားလုံးသုံးသုံး၊ အရေးပေါ်သောအခါ သူတို့သည် ရုရှားတိုက်ရန် တဘက်က ခါးတောင်းကြိုက်ပြီး ဒါးထမ်းလွက်မဲ့လူတွေမဟုတ်လား၊ ထို့ပြင်လဲ အတိအလင်း ဗမာဆိုရှယ်လစ်တွေက ကွန်မြူနစ်လောကကိုရန်သူတွေဟု အတိအလင်းကျေညာထားသည် မဟုတ်လား။

ဒီလိုလျှာနှစ်ခွအလုပ်တွေ မလုပ်ကြပါနှင့်ဟု ကျုပ်-ဖ-ဆ-ပ-လကိုတောင်းပန်ချင်တယ်၊ရှေးခေတ်ကဒီအလုပ်မျိုးတွေ အောင်ခဲ့ပေမဲ့ ယခုခေတ်မှာ မအောင်မြင် နိုင်တော့၊ အမေရိကန်နှင့် အင်္ဂလိပ်တွေက သူတို့ထက် ပါးသည် နပ်သည်မှတ်လိုက်ကြ၊အမေရိကန်က ဖ-ဆ-ပ-လ၏ ကြားနေရေးကို တကယ်ယုံတယ်လို့ ထင်နေကြသလား၊ဗမာပြည်တွင် ကေ-အမ်-တီ တရုပ်ဖြူ လက်နက်ကိုင် တွေများပြားစွာ နယ်စပ်မှာ ဘယ်သူကအားပေးနေတယ်၊ဘာကြောင့်အားပေးနေတယ်ဆိုဒါ စဥ်းစားကြတော့၊ တရုပ်ဖြူတပ်ကို ကေအောင်ဒီအိုနဲ့ ဘယ်သူက အပေါင်းခိုင်း နေတယ်ဆိုဒါလဲစဥ်းစားကြပေတော့။ဖ-ဆ-ပ-ထကိုတကယ်ယုံလျှင် ဒီအလုပ်တွေလုပ်နေမယ်ထင်သလား။ တရုပ်နီကဲရော ဗမာနယ်စပ်မှာတပ်တွေချထားဒါ ဖ-ဆ-ပ-လ ရဲ့ ကြားနေရေးဝါဒကို ယုံလို့ထင်သလား။

ကဲ-ကျုပ်ဒီကြားနေရေးနဲ့ပတ်သက်ပြီး အနည်းငယ် ပြောလိုက်အုံးမယ်၊

(၁) စစ်ဖြစ်သောအခါ ဗမာပြည်ကြားနေမည် မနေမည်ဆိုသောပြဿနာကို ရန်ကုန်အစိုးရ ဖြေမည်မဟုတ်။ ဝါရှင်တန်မှာသော်၎င်း- မော်စကိုမှာသော်၎င်း- ပီကင်မှာသော်၎င်း ဖြေကြလိမ့်မည်။ ဒီနိုင်ငံကြီးများရဲ့ စစ်တပ်ကြီးတွေက သူတို့၏စစ်ရေးကို ဒီဗမာဆိုရှယ်လစ် တွေ၏ သဘောအနေ ရစိမ့်ကြမည်မဟုတ်။ သူတို့၏စစ်နိုင်ရေး တခုတည်းကိုသာ ရှေ့ရှုပြီးတိုက်ကြမယ်။

(၂) စစ်တကယ်ဖြစ်သောအခါ ဟိုဝါဒ–ဒီဝါဒ တို့သည် စက္ကူပေါ်မှာသာရှိကြလိမ့်မည်၊ လက်နက်နှင့်မခုခံနိုင်သောဝါဒသည် ရေးထားသော စက္ကူ လောက်သာ တန်ဘိုးရှိလိမ့်မည်၊

(၃) ကြားနေရေးဆိုသည်ကား အရေးပေါ်မှ လုပ်ရသည့်အလုပ်မဟုတ်၊ အရေးမပေါ်ခင်က တသမတ်တည်း ကြားနေခဲ့မှ အရေးပေါ်သောအခါ ကြားနေနိုင် လိမ့်မည်။

(၄) ဗမာပြည်သည် တိုက်ရာတွင် အသုံးဝင်သောစစ်ပစ္စည်းကြမ်းများ ပေါများ၏။ စစ်လမ်းအမျိုးမျိုးပေါ်တွင်လည်း တိုက်ရိုက်ရှိလျက်နေ၏။ ဤကဲ့သို့သော နိုင်ငံသည် ဘယ်နည်းနှင့်မျှ အရေးပေါ်သောအခါ ကြားနေခွင့်မရ ဤကား–ဗမာနှင့်အခြေအနေတူသော နိုင်ငံကလေးတိုင်း၏ အတွေ့အကြုံဖြစ်၏၊

(၅) တကယ်ကြားမနေဘဲ ကြားနေမည်ဟု ပြောခြင်းသည် အဘယ်နည်းနှင့်မျှ နိုင်ငံတခုကို ကောင်းကျိုးမပေးနိုင်–ဆိုးကျိုးသာပေးနိုင်သည်၊ ဘယ်ဘက်ကနိုင်နိုင် သာယာစီးလိုသော နိုင်ငံကို ဘယ်နိုင်ငံကမျှယုံကြည်လေးစား



မည်မဟုတ်။ လိုသောအခါသာသုံးပြီး မလိုသောအခါပစ်ပယ်လိုက်မည်ဆိုသည်မှာ မလွဲချေ။

## နိဂုံးချုပ်

နိဂုံး။ "ဤကား-ကျုပ်အခြေခံသဘောထားများ ဖြစ်၏။ တိုတိုပြောရမယ်ဆိုရင် ကျုပ်တို့သည်မဖြူမနက်ကွက်တိကွက်ကြား လုပ်မနေသင့်။ ငါးတပိုင်း ဖါးတပိုင်းလဲလုပ်မနေသင့်၊ ကျုပ်တို့၏ဝါဒကို အတိအလင်းဆုံးဖြတ်၍ အတိအလင်းကျေညာရမည်။ ဤဝါဒသည် ဗမာပြည်တိုင်းရင်းသားတော်လှန်ဖန်တီးရေးကို၎င်း။ သောလောဆယ် အာရှနှင့် အာဖရိကတခွင်လုံးတွင် ဖြစ်ပွားနေသော တော်လှန်ဖန်တီးရေးများကို၎င်း။ အခြေခံထားရလိမ့်မည်။ ဤကဲ့သို့ အခြေခံထားကြောင်းကိုလဲ အုပ်စုနှစ်ခုလုံးကို အတိအလင်း ကျေညာရမည်။ ဤရည်ရွယ်ချက်ကို အားပေး ကူညီမည့်အုပ်စုကို ကျုပ်တို့က အတိအလင်း အပြန်အလှန် အားပေးရမည်။

ဤကဲ့သို့ ပြတ်ပြတ်သားသား လုပ်မှသာ တိုင်းပြည်ကလဲအရေးပေါ်သည့်အခါ ပြတ်ပြတ်သားသား လုပ်နိုင်ကြပါလိမ့်မည်။ ဤကဲ့သို့မလုပ်လျှင် ဗမာများသည် အရေးပေါ်သောအခါ နွားများ ကျွဲများလို ကွဲပြားပြီးပြတ်သားစွာလုပ်သော လူမျိုးများ၏ လက်တွင်းသို့ရောက်ကြရမည်။

ထို့ကြောင့်ဗမာများသည် အရာရာတွင် ပြတ်ပြတ်သားသား သဘောထားပြီး ပြတ်ပြတ်သားသား အရေးဆို၍၊ ပြတ်ပြတ်သားသား ပြည်တွင်းမှာ သော်၎င်း။ ပြည်ပမှာ သော်၎င်း လုပ်ရန် ကျုပ်လေးလေးနက်နက် တိုက်တွန်းလိုကြောင်း။